# စီးပွားရေးဆိုင်ရာအခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ

## (CR-7)

မူပိုင်ခွင့်ဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## စီးပွားရေးဆိုင်ရာအခွင့်အရေး လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-7)

စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးပိုင်ရှင်က ယင်းနှင့်သက်ဆိုင်သည့် စီးပွားရေးဆိုင်ရာအခွင့်အရေး တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြားပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်းကို လွှဲပြောင်းခြင်းပြုပါက လွှဲပြောင်းပေးခြင်းခံရသူသည် လွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်လွှာပုံစံ (CR-7) ကို ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားရမည်။

**မှတ်ပုံတင်နံပါတ်**

၁။ စီးပွားရေးဆိုင်ရာအခွင့်အရေးလွှဲပြောင်းခြင်းပြုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်၏ မှတ်ပုံတင်နံပါတ်ကို ဖြည့်စွက်ရမည် -

**ဥပမာ**

*မှတ်ပုံတင်နံပါတ်- **CReg-1/2024/000001***

**လျှောက်ထားသူ**

၂။ (က) လွှဲပြောင်းပေးခြင်းခံရသူ အမျိုးအစားအား ရွေးချယ်၍ ☐ သက်ဆိုင်ရာအကွက်တွင် အမှတ်အသား (✓) ပြုရမည်။

လျှောက်ထားသူတစ်ဦးထက်ပိုပါက ☐ အကွက်ထဲတွင် အမှတ်အသားပြု၍ နောက်ထပ်စာရွက်တွင် ပူးတွဲလျှောက်ထားသူများ၏ အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်၍ A4 စာရွက်ဖြင့် ပူးတွဲတင်ပြရမည်။

**ဥပမာ**

လွှဲပြောင်းပေးခြင်းခံရသူအမျိုးအစားမှာ -

| | |
|---|---|
| တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူဖြစ်လျှင် | ✓ **တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ** |
| ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူဖြစ်လျှင် | ✓ **ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူ** |

(ခ) (၁) လျှောက်ထားသူသည်ပုဂ္ဂိုလ်တစ်ဦးချင်းအမည်ဖြင့်လျှောက်ထားခြင်းဖြစ်လျှင်-

(ကက) အမည်

ဥပမာ- ***ဦးမောင်မောင်***

(ခခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၉/မကန(နိုင်)၀၀၅၀၀၀***

(ဂဂ) နိုင်ငံသား

ဥပမာ - ***မြန်မာ***

(ဃဃ) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***မြန်မာနိုင်ငံ***

(ငင) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ - ***အမှတ်(၁၂၃)၊ သစ္စာလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(စစ) နိုင်ငံ

ဥပမာ - ***မြန်မာနိုင်ငံ***

(ဆဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***၀၉၄၄၄၅၅၅၆၆၆***

*maungmaung@gmail.com*

**နိုင်ငံခြားသားဖြစ်လျှင် -**

(ကက) အမည်

ဥပမာ - ***Mr. John Smith***

(ခခ) နိုင်ငံကူးလက်မှတ်အမှတ်

ဥပမာ - ***N1234567***

(ဂဂ) နိုင်ငံသား

ဥပမာ - ***India***

(ဃဃ) အမြဲတမ်းနေထိုင်သည့်နိုင်ငံအမည်

ဥပမာ - ***India***

(ငင) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ -***No(4), Main Road, New Delhi, India.***

(စစ) နိုင်ငံ

ဥပမာ - ***India***

(ဆဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- **+91 1234567000**

*johnsmith@gmail.com*

(၂) လျှောက်ထားသူသည် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း(ကုမ္ပဏီ) အမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင်-

(ကက) အဖွဲ့အစည်း(ကုမ္ပဏီ) အမည်အပြည့်အစုံ

ဥပမာ - ***ကောင်းကောင်းကုမ္ပဏီလီမိတက်***

(ခခ) အဖွဲ့အစည်း (ကုမ္ပဏီ)မှတ်ပုံတင်အမှတ်

ဥပမာ - ***2023112233***

(ဂဂ) အဖွဲ့အစည်း(ကုမ္ပဏီ)အမျိုးအစား

ဥပမာ - ***ပုဂ္ဂလိကပိုင် ကုမ္ပဏီလီမိတက် (Private Company Ltd)***

***ကော်ပိုရေးရှင်း(Corporation)/အသင်းအဖွဲ့ (Association)***

**မှတ်ချက်။ ပြည်တွင်း၊ ပြည်ပမှကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် အသင်းအဖွဲ့ / အဖွဲ့အစည်း/ လုပ်ငန်း စသော အမျိုးအစားအမည်များ ဖော်ပြရမည်။**

(ဃဃ) လိပ်စာအပြည့်အစုံ

အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာ လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်-

ဥပမာ - ***အမှတ် (၁၃၂)၊ သစ္စာလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(ငင) နိုင်ငံ

အဖွဲ့အစည်း(ကုမ္ပဏီ) တည်ရှိရာ နိုင်ငံအမည်ကို ဖော်ပြရမည်-

ဥပမာ - ***မြန်မာနိုင်ငံ***

(စစ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***0673400593***

***kaungkaungltd@gmail.com***

**လွှဲပြောင်းပေးသူ**

၃။ လွှဲပြောင်းပေးသူနှင့်သက်ဆိုင်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(က) အမည်/ အဖွဲ့အစည်းအမည်

ဥပမာ- ***ဦးဖြူ/ Orange ကုမ္ပဏီလီမိတက်***

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၉/ပမန(နိုင်)၁၂၃၄၅၆***

(ဂ) အဖွဲ့အစည်း(ကုမ္ပဏီ)ဖြစ်ပါက အဖွဲ့အစည်း(ကုမ္ပဏီ)မှတ်ပုံတင်အမှတ်

*ဥပမာ*-***202312345678***

(ဃ) နိုင်ငံသား

ဥပမာ - ***မြန်မာ***

(င) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***မြန်မာနိုင်ငံ***

(စ) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ- ***အမှတ်(၅၄)၊ ရတနာလမ်း၊ ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(ဆ) နိုင်ငံ

ဥပမာ - ***မြန်မာနိုင်ငံ***

(ဇ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***0673430597***

***uphyu2023@gmail.com***

**နိုင်ငံခြားသားဖြစ်လျှင် -**

(က) အမည်

ဥပမာ - ***Mr. Sam Ji Khan***

(ခ) နိုင်ငံကူးလက်မှတ်အမှတ်

ဥပမာ - ***H 123456***

(ဂ) နိုင်ငံသား

ဥပမာ - ***India***

(ဃ) အမြဲတမ်းနေထိုင်သည့်နိုင်ငံအမည်

ဥပမာ - ***India***

(င) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ လိပ်စာအပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ - ***Main Street, Mumbai, India။***

(စ) နိုင်ငံ

ဥပမာ - ***India***

(ဆ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ- ***+91223456789***

***samji@gmail.com***

**ကိုယ်စားလှယ်**

၄။ (က) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ (ဃ) နှင့်အညီ မြန်မာနိုင်ငံသားကိုသာ ကိုယ်စားလှယ်လွှဲအပ်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်-

(၁) အမည်

ဥပမာ- ***ဦးကျော်ကျော်***

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ- ***၇/ပခန(နိုင်)၁၂၃၄၅၆***

(၃) ကိုယ်စားလှယ်၏လိပ်စာအပြည့်အစုံ(လုပ်ငန်းဆောင်ရွက်သည့်လိပ်စာ)ကို ဖော်ပြရမည်။

ဥပမာ- ***အမှတ် (၁၂၃)၊ ရတနာလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။***

(၄) တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ

ဥပမာ- ***09-123456789***

***kyawkyaw@gmail.com***

(ခ) ကိုယ်စားလှယ်လွှဲအပ်ရာတွင် လျှောက်ထားချက်တစ်ခုအတွက် ကိုယ်စားလှယ်တစ်ဦးသာ လွှဲအပ်ရမည်။ ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်လျှင် ကိုယ်စားလှယ်လွှဲစာ (CR-10) ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် နိုင်ငံတော်အတွင်း နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ်ပြည့်ပြီးသူကို ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်ရမည်။ ၎င်း၏အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူကို ပူးတွဲတင်ပြရမည်။

**လွှဲပြောင်းခြင်းနှင့်သက်ဆိုင်သည့်အချက်အလက်များ**

၅။ လွှဲပြောင်းခြင်းနှင့်သက်ဆိုင်သည့် အချက်အလက်များအား လျှောက်လွှာပုံစံ(CR-7) ၏ အမှတ်စဉ်(၅) အကွက်တွင် တိကျစွာ ဖြည့်စွက်ဖော်ပြရမည်-

(က) လွှဲပြောင်းခြင်းပြုသည့် စာပေ သို့မဟုတ် အနုပညာလက်ရာ သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာကိစ္စရပ်ခေါင်းစဉ်

ဥပမာ ***- (၁) Clever dog Pinky***

ဥပမာ ***- (၂) ဝသုန်မိုး***

(ခ) စီးပွားရေးဆိုင်ရာအခွင့်အရေးကို လွှဲပြောင်းခြင်းပြုသည့်နည်းလမ်း

ဥပမာ ***- (၁) ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်း***

ဥပမာ***- (၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီးပွားရေးဆိုင်ရာအခွင့်အရေးကိုလွှဲပြောင်းပေးခြင်း***

(ဂ) လွှဲပြောင်းခြင်းပြုသည့် စီးပွားရေးဆိုင်ရာအခွင့်အရေးအမျိုးအစား

ဥပမာ ***- (၁) အများပြည်သူအားဖျော်ဖြေခြင်း၊ ထုတ်လွှင့်ခြင်း***

ဥပမာ***- (၂) မူပွားခြင်း၊ ဖြန့်ချိခြင်း***

(ဃ) စီးပွားရေးဆိုင်ရာအခွင့်အရေးလွှဲပြောင်းခြင်းပြုသည့် သက်တမ်း

ဥပမာ - ***(၁) (၁-၂-၂၀၂၂) မှ (၁-၂-၂၀၂၃) အထိ***

**ငွေပေးသွင်းခြင်း**

၆။ လျှောက်လွှာပုံစံ (CR-7) ၏ အမှတ်စဉ် (၆) အကွက်တွင် စီးပွားရေးဆိုင်ရာအခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းထားသည့် အခကြေးငွေပမာဏကို ဖော်ပြ၍ ပေးသွင်းပြီးဖြစ်သော ငွေသွင်းပြေစာအား ပူးတွဲတင်ပြရမည်-

ဥပမာ- ***ပေးသွင်းသည့် ငွေပမာဏ - ၁၀၀,၀၀၀ ကျပ်***

**လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်**

၇။ လျှောက်လွှာပုံစံ (CR-7) ၏ အမှတ်စဉ် (၇) အကွက်တွင် အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်က ရေးထိုးနိုင်ပြီး လက်မှတ်ရေးထိုးသူ၏ အမည်အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့် ရက်၊ လ၊ ခုနှစ်တို့ကို ပြည့်စုံစွာဖြည့်စွက်ရမည်။ တရားဝင် တည်ထောင်ထားသော အဖွဲ့အစည်းအနေဖြင့် လျှောက်ထားခြင်းဖြစ်လျှင်

လက်မှတ်ရေးထိုးသူ၏ ရာထူးနှင့် အဖွဲ့အစည်း၏အမည်တို့ကိုပါ ဖော်ပြရမည်ဖြစ်ပြီး အဆိုပါ လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထားအား ပူးတွဲတင်ပြရမည်။

၈။ ကိုယ်စားလှယ်လွှဲအပ်ခြင်းမရှိသည့်ကိစ္စရပ်တွင် လျှောက်ထားသူတစ်ဦးထက်ပိုပါက လျှောက်ထားသူအားလုံးကိုယ်စား ဆက်သွယ်ဆောင်ရွက်ရန် သဘောတူထားသည့် လျှောက်ထားသူတစ်ဦးက လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ပူးတွဲလျှောက်ထားသူအားလုံး၏ သဘောတူခွင့်ပြုချက်အား ပူးတွဲတင်ပြရမည်။

၉။ အီလက်ထရောနစ်နည်းဖြင့်လျှောက်ထားပါက မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန်မလိုဘဲ အီလက်ထရောနစ်ပုံစံပေါ်တွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ အမည်ကို ဖော်ပြရမည်။

၁၀။ ပူးတွဲပါဝင်သော စာရွက်အရေအတွက်စုစုပေါင်းကို ဖော်ပြရမည်-

ဥပမာ - ***ပူးတွဲပါဝင်သော စာရွက်စုစုပေါင်းမှာ (၁၀) ရွက် ဖြစ်ပါသည်။***

၁၁။ စီးပွားရေးဆိုင်ရာအခွင့်အရေးလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လွှဲပြောင်းပေးခြင်းခံရသူအမျိုးအစားအလိုက် လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | လွှဲပြောင်းပေးခြင်းခံရသူ အမျိုးအစား | ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ |
|---|---|---|
| ၁။ | တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ဖြစ်စေ၊ ဓလေ့ထုံးတမ်းအရဖြစ်စေ အမွေဆက်ခံသူ | ➢ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင် ကွယ်လွန်ကြောင်း အထောက်အထား၊<br>➢ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ် သည့် အခွင့်အရေးပိုင်ရှင်၏ သား၊ သမီးဖြစ်ပါက မွေးစာရင်း သို့မဟုတ် အခြားအထောက်အထား၊<br>➢ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ် သည့်အခွင့်အရေးပိုင်ရှင်၏ ဇနီး၊ ခင်ပွန်းဖြစ်ပါက တရားဝင် ဇနီး၊ ခင်ပွန်းဖြစ်ကြောင်း သက်သေ အထောက်အထား၊<br>➢ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ် သည့်အခွင့်အရေးပိုင်ရှင်၏ ဇနီး၊ ခင်ပွန်း သို့မဟုတ် သားသမီးမဟုတ်သော အမွေဆက်ခံသူဖြစ်ပါက မိမိကိုယ်တိုင် အမွေဆက်ခံသူဖြစ်ကြောင်းနှင့် အခြား အမွေဆက်ခံသူ မရှိကြောင်း အထောက်အထားနှင့် ဝန်ခံချက်၊ |
| ၂။ | သေတမ်းစာရေးခွင့်ရှိသည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ် | ➢ သေတမ်းစာ |

| စဉ် | လွှဲပြောင်းပေးခြင်းခံရသူ အမျိုးအစား | ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ |
|---|---|---|
| | သည့် အခွင့်အရေးပိုင်ရှင်က သေတမ်းစာဖြင့် ပေးခြင်းခံရသူ | |
| ၃။ | စီးပွားရေးဆိုင်ရာအခွင့်အရေးကို ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်းခံရသူ | ➢ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်က ပေးကမ်းကြောင်း သို့မဟုတ် လှူဒါန်းကြောင်း အထောက်အထား၊ |
| ၄။ | ပိုင်ဆိုင်ခွင့်ကို တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လွှဲပြောင်းပေးခြင်းခံရသူ | ➢ စာပေနှင့်အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ် သည့်အခွင့်အရေးပိုင်ရှင်က စီးပွားရေးဆိုင်ရာ အခွင့် အရေးကို လွှဲပြောင်းကြောင်း အထောက်အထား၊<br>➢ ပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ပါက ပူးတွဲပိုင်ဆိုင်သည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်များက စီးပွားရေးဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းကြောင်း အထောက်အထား။ |
| ၅။ | ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းခံရသူ | ➢ စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်က စီးပွားရေးဆိုင်ရာ အခွင့်အရေးကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးကြောင်း အထောက်အထား၊<br>➢ ပူးတွဲပိုင်ဆိုင်ခြင်းဖြစ်ပါက ပူးတွဲပိုင်ဆိုင်သည့် စာပေနှင့် အနုပညာမူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးပိုင်ရှင်များက စီးပွားရေးဆိုင်ရာ အခွင့်အရေးကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးကြောင်း အထောက်အထား။ |

၁၂။ အချက်များအားလုံး ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရမည်။

၁၃။ လျှောက်လွှာပုံစံတွင် (*) ဖော်ပြထားသော အချက်များသည် မဖြစ်မနေ ဖြည့်စွက်ရမည့် အချက်များဖြစ်ပါသည်။ (*) အား နံပါတ်စဉ်၌ ဖော်ပြထားလျှင် အမှတ်စဉ်တစ်ခုလုံးတွင် ပါဝင်သည့် အချက်များကို မဖြစ်မနေ ဖြည့်စွက်ရမည်ဖြစ်သည်။

၁၄။ လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်း တည်ထောင်ထားသည့် နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာ (CR-10) မိတ္တူအား ပူးတွဲတင်ပြရမည်။

၁၅။ သက်ဆိုင်ရာစာရွက်စာတမ်းများအား လျှောက်ထားချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

**မူပိုင်ခွင့်ဦးစီးဌာန**